Message Three
# ဘုရားသခင်၏တန်ခိုးတော်နှင့် ဘုရားသခင်၏ပညာတော်

ဖတ်ရန်ကျမ်း။ ။ ၁ကော၊၁း၂၊ ၂၃-၂၄၊ ၃၀။ ရော၊၆း၆၊ ၁၉၊ ၂၂။ ဧ၊၁း၉၊ ၁၁၊ ၃း၁၁

**I. ၁ကောရိန္သု ၁း၂၄ ၌ ဘုရားသခင်၏တန်ခိုးတော်နှင့် ဘုရားသခင်၏ပညာတော်အဖြစ် ခရစ်တော်ကို မဖော်ပြမီ ပေါလုက အငယ် ၂၃ ၌ "ငါတို့မူကား အသေခံတော်မူသော ခရစ်တော်၏အကြောင်းအရာကို ဟောပြောကြ၏။ ထိုအကြောင်းအရာသည်ကား၊ ဂျူးအမျိုးသား ထိမိ၍ လဲစရာအကြောင်း ဖြစ်၏။ တစ်ပါးအမျိုးသား၌ကား၊ မိုက်မဲခြင်း ဖြစ်၏"ဟု ကြွေးကြော်ခဲ့သည်။**

A. ဤသည်မှာ ဘုရားသခင်၏စီမံကိန်းကို သယ်ဆောင်ရန်အတွက် ဘုရားသခင်၏တန်ခိုးတော်နှင့် ဘုရားသခင်၏ ပညာတော် ဖြစ်တော်မူသော ခရစ်တော်သည် အသေခံတော်မူသော ခရစ်တော်၊ မိမိကိုယ်မိမိ ကယ်တင်ရန် မည်သည့်အရာကိုမျှ မလုပ်ဆောင်ခဲ့သော ခရစ်တော်ဖြစ်ကြောင်း ရည်ညွှန်းသည် - အငယ်၊၂၄။

B. လူ၏အမြင်၌ လူတစ်ဦးသည် ကားတိုင်ပေါ်တွင် အသေခံမည်ဆိုပါက သူ့အား တန်ခိုးမရှိသူဟု မှတ်ယူကြသည်၊ အကြောင်းမှာ တန်ခိုးကြီးသောသူသည် သူ့ကိုယ်သူ ကားတိုင်ပေါ်တွင် အသေခံခွင့်ပြုမည်မဟုတ်သောကြောင့် ဖြစ်သည်။ မည်သို့ပင်ဆိုစေ၊ ဘုရားသခင်၏တန်ခိုးတော်ဖြစ်တော်မူသော ခရစ်တော်သည် ကားတိုင်ပေါ်တွင် အသေခံခဲ့သည်။

C. ထို့အပြင် လူ၏ရှုထောင့်မှကြည့်လျှင်၊ ပညာရှိသောသူသည် အသေခံခြင်းကို ရှောင်ရှားရန် နည်းလမ်းများကို ရှာဖွေနိုင်သော်လည်း၊ ဘုရားသခင်၏ပညာတော် ဖြစ်တော်မူသော ခရစ်တော်သည် ကားတိုင်မှာအသေခံတော်မူခဲ့သည် - ဂလ၊၂း၂၀။

D. ကားတိုင်မှာအသေခံတော်မူသော ခရစ်တော်သည် ဘုရားသခင်၏တန်ခိုးတော်ဖြစ်သည် - ၁ကော၊၁း၂၄။

1. ခရစ်တော်၏ကားတိုင်၌ ဘုရားသခင်၏တန်ခိုးတော်ကို ကျွန်ုပ်တို့ မြင်ရသည်။
2. ယင်းသည် ဘုရားသခင်၏တန်ခိုးတော်အား စာတန်၊ လောက၊ အပြစ်၊ ကျဆင်းသွားသော လူသား၊ အသွေးအသား၊ ဇာတိအသက်၊ ဖန်ဆင်းခြင်း အဟောင်းနှင့် ဝိနည်းအထုံးအဖွဲ့များကို အနိုင်ယူချေမှုန်းခြင်း ရှိစေသည်။
3. ခရစ်တော်၏အသေခံခြင်း - ကားတိုင်မှာအသေခံတော်မူခြင်း - သည် ဘုရားသခင်၏တန်ခိုးတော် ဖြစ်လာသည် - အငယ်၊၂၄။

E. ကားတိုင်မှာအသေခံတော်မူသော ခရစ်တော်သည် ဘုရားသခင်၏ပညာတော်ဖြစ်သည် - ၂း၇။

1. မည်သည့်အရာကိုမဆို ပြီးမြောက်ပြည့်စုံစေရန်အလို့ငှာ၊ ကျွန်ုပ်တို့သည် တန်ခိုးတော်နှင့် ပညာတော် အဖြစ် ခရစ်တော်ကို လိုအပ်သည် - ၁း၂၄။
2. ပညာတော်သည် စီမံခြင်း၊ ကြံစည်ခြင်းအတွက် ဖြစ်ပြီး၊ တန်ခိုးတော်မှာမူ စီမံခဲ့သောအရာ၊ ကြံစည်ခဲ့သောအရာကို အကောင်အထည်ဖော်ခြင်းနှင့် ပြီးမြောက်ပြည့်စုံစေခြင်းအတွက် ဖြစ်သည်။
3. ကျွန်ုပ်တို့သည် ကားတိုင်မှာအသေခံတော်မူသော ခရစ်တော်ကို တွေ့ကြုံခံစားသောအခါ၊ ကိုယ်တော်သည် ကျွန်ုပ်တို့အတွက် ဘုရားသခင်၏တန်ခိုးတော်သာမက၊ ဘုရားသခင်၏ပညာတော်လည်း ဖြစ်လာသည် - ရော၊၆း၆။ ဂလ၊၂း၂၀။
4. ဘုရားသခင်၏ ပညာတော်အဖြစ် အသေခံတော်မူသော ခရစ်တော်သည် သူ၏အလိုတော်ကို ပြည့်စုံစေရန် သူ၏ကောင်းသော ကျေနပ်အားရရာအတိုင်းနှင့် ဘုရားသခင်၏နည်းလမ်းအတိုင်း ဘုရားသခင်၏နက်ရှိုင်းသော၊ အလွန်လေးနက်သော အစီအစဉ်နှင့် ဆက်နွှယ်သည် - ဧ၊၁း၉၊ ၁၁။ ၃း၁၁။
   a. ကျွန်ုပ်တို့၌ ဘုရားသခင်၏ ပညာတော်တည်းဟူသော အသေခံတော်မူသော ခရစ်တော်ရှိသောကြောင့် ကျွန်ုပ်တို့သည် ဘုရားသခင်၏အလိုတော်ကို သယ်ဆောင်ရန်အတွက် နည်းလမ်းကို ရှာဖွေရန် မလိုအပ်တော့ပါ။
   b. အသေခံတော်မူသော ခရစ်တော်ကို တွေ့ကြုံခံစားခြင်းရှိရုံဖြင့်၊ ကျွန်ုပ်တို့သည် အလိုအလျောက် ဘုရားသခင်၏အလိုတော်ကို လုပ်ဆောင်ရန် နည်းလမ်းရှိသည်။
   c. ကျွန်ုပ်တို့သည် ဘုရားသခင်၏အလိုတော်ကို ဆောင်ရာတွင် အလွန်ပညာရှိလာသည် - ကော၊၁း၉၊ ၄း၁၂။
   d. ကျွန်ုပ်တို့သည် အသေခံတော်မူသော ခရစ်တော်ကို တွေ့ကြုံခံစားခြင်းရှိနေသရွေ့၊ ခရစ်တော်သည် သူ၏စီမံချက်ကို ပြည့်စုံစေရန် ကျွန်ုပ်တို့ထံ ဘုရားသခင်၏ပညာတော် ဖြစ်လာလိမ့်မည်ဖြစ်သည် - ၁း၉။

F. ကျွန်ုပ်တို့သည် အသေခံတော်မူသော ခရစ်တော်ကို တွေ့ကြုံခံစားသောအခါ၊ ကျွန်ုပ်တို့သည် အဆုံးသတ်ခြင်း ခံရသည် - ဂလ၊၂း၂၀။

1. ကျွန်ုပ်ဖြစ်သမျှ၊ ကျွန်ုပ်တို့ရှိသမျှနှင့် ကျွန်ုပ်တို့လုပ်ဆောင်သမျှ -အားလုံးတို့သည် လုံးလုံးအဆုံးသတ်သွားပြီဖြစ်သည်။
2. ကျွန်ုပ်တို့သည် သခင်ယေရှု၏ နာမတော်ကို ခေါ်ဆိုသောအခါ၊ ကျွန်ုပ်တို့သည် ကိုယ်တော့်ကို တွေ့ကြုံခံစားပြီး မွေ့လျော်ဝမ်းမြောက်သောအခါ၊ ကိုယ်တော်၏ အသေခံတော်မူခြင်းသည် ကျွန်ုပ်တို့ကို အဆုံးသတ်လိမ့်မည်ဖြစ်သည်။
3. ကားတိုင်မှာအသေခံတော်မူသော ခရစ်တော်သည် အသွေးအသား၊ ဇာတိအသက်နှင့် ဖန်ဆင်းခြင်းအဟောင်းမှ ကယ်တင်ပေးရန် ကျွန်ုပ် တို့အတွက် တန်ခိုးမျှသာမဟုတ်ဘဲ နည်းလမ်းလည်းဖြစ်သည်။

## II. ဘုရားသခင်အားဖြင့် ခေါ်ခြင်းခံရသောသူများအဖြစ် ကျွန်ုပ်တို့သည် ခရစ်တော်၏တန်ခိုးတော်နှင့် ပညာတော်ကို သိကျွမ်းရန်နှင့် တွေ့ကြုံခံစားရန် လိုအပ်သည် - ၁ကော၊၁း၂၄။

A. ကောရိန္သုပထမစာစောင် ၁း၂ က "ခေါ်ခြင်းခံရသော သန့်ရှင်းသူများ"ကို ဖော်ပြထားသည်။

1. ခရစ်တော်၌ရှိသော ယုံကြည်သူများသည် ခေါ်ခြင်းခံရသော သန့်ရှင်းသူများဖြစ်ပြီး၊ သန့်ရှင်းသူများဖြစ်ရန် ခေါ်ခြင်းခံရခြင်းမဟုတ်ပါ။ ဤသည်မှာ အနေအထားဆိုင်ရာ အကြောင်းအရာ၊ ပင်ကိုစိတ်၌ သန့်ရှင်းစင်ကြယ်ခြင်း အမြင်ဖြင့် အနေအထား၌ သန့်ရှင်းစင်ကြယ်ခြင်း ဖြစ်သည်။
2. သခင်ဘုရား၏နာမတော်ခေါ်ခြင်းသည် ကိုယ်တော်အထဲသို့ ယုံကြည်ခြင်းကို ညွှန်ပြသည် - ရော၊၁၀း၁၄။
3. သခင်ဘုရား၌ရှိသော ယုံကြည်သူများအားလုံးသည် ခေါ်ဆိုသောသူများဖြစ်ကြရမည် - တ၊၉း၁၄၊ ၂၁။ ၂၂း၁၆။
4. ကျွန်ုပ်တို့သည် ခေါ်ရန် ခေါ်ခြင်းခံရကြသည်၊ သခင်ဘုရား၏နာမတော်ကို ခေါ်ရန် ဘုရားသခင်အားဖြင့် ခေါ်ခြင်း ခံရကြသည်။
5. ဘုရားသခင်အားဖြင့် ခေါ်ခြင်းခံရသောသူတို့တွင် ခရစ်တော်သည် ဘုရားသခင်၏ တန်ခိုးတော်နှင့် ဘုရားသခင်၏ ပညာတော်ဖြစ်သည်။

B. *ခေါ်တော်မူခြင်းခံရသော သူတို့* (၁ကော၊၁း၂၄) သည် ထာဝရကာလ၌ ဘုရားသခင်အားဖြင့် ရွေးချယ်ခံရသောသူများ (ဧ၊ ၁း၄) နှင့် အချိန်တန်သောအခါ ခရစ်တော်၌ ယုံကြည်သောသူများကို ရည်ညွှန်းခြင်း ဖြစ်သည် (တ၊၁၃း၄၈)။

C. ခရစ်တော်၌ ယုံကြည်သောသူများနှင့် ကိုယ်တော်၏နာမတော်ကို ခေါ်သောသူတို့အဖို့ ကိုယ်တော်သည် ဘုရားသခင်၏ တန်ခိုးတော်နှင့် ဘုရားသခင်၏ပညာတော် ဖြစ်သည်။

D. အသေခံတော်မူသော ခရစ်တော်သည် ကျွန်ုပ်တို့ကို ကယ်တင်ရန်အတွက် ဘုရားသခင်၏တန်ခိုးတော်ဖြစ်ပြီး ကိုယ်တော်၏ စီမံချက်ကို ပြည့်စုံစေရန်အတွက် ဘုရားသခင်၏ပညာတော်ဖြစ်သည်။

1. တန်ခိုးတော်သည် စွမ်းရည်ဖြစ်ပြီး၊ ပညာတော်သည် နည်းလမ်းဖြစ်သည်။
2. ခရစ်တော်သည် ရှေးဦးစွာ ကျွန်ုပ်တို့၏တန်ခိုးတော် ဖြစ်ရမည်၊ ထို့နောက် ကိုယ်တော်သည် ကျွန်ုပ်တို့၏ နည်းလမ်းတည်းဟူသော ကျွန်ုပ်တို့၏ပညာတော်ဖြစ်ရမည်။
3. ခရစ်တော်သည် ဘုရားသခင်၏ စီမံကိန်းကို သယ်ဆောင်ရန် ဘုရားသခင်၏ တန်ခိုးတော်ဖြစ်ပြီး၊ ကိုယ်တော်သည် ဘုရားသခင်၏စီမံကိန်းကို သယ်ဆောင်ရန် ဘုရားသခင်၏နည်းလမ်း၊ ဘုရားသခင်၏ ပညာတော်လည်း ဖြစ်သည်။

E. ဘုရားသခင်၏တန်ခိုးတော်အဖြစ် ခရစ်တော်သည် ဒိုင်းနမိုက်စွမ်းအားဖြင့် ကျွန်ုပ်တို့ကို ခွန်အားနှင့်ခိုင်ခံ့စေပြီး၊ ကျွန်ုပ်တို့ဖြစ်သောအရာနှင့် ကျွန်ုပ်တို့ လုပ်သောအရာတို့၌ ကျွန်ုပ်တို့ကို မစကာ ထောက်မအားဖြည့်ပေးသည်။

1. ကျွန်ုပ်တို့၏ အခြေအနေများနှင့် လိုအပ်ချက်များအားလုံး၌ ဘုရားသခင်၏တန်ခိုးတော်တည်းဟူသော ခရစ်တော်သည် ဆင်းရဲဒုက္ခခံရန်၊ ဝန်တာများကို ထမ်းဆောင်ရန်နှင့် ခိုင်ခံ့မြဲမြံရပ်တည်ရန် ကျွန်ုပ်တို့အား တတ်စွမ်းနိုင်စေသည်။
2. ကိုယ်တော်သည် မတုန်မလှုပ်နိုင်ဖြစ်သည်အထိ ကျွန်ုပ်တို့ကို ထောက်မအားဖြည့်တော်မူသည်။ ဤအတွက်ကြောင့် ပေါလုက "ငါ့ကို ခွန်အားနှင့် ပြည့်စုံစေတော်မူသော ခရစ်တော်၌ ခပ်သိမ်းသော အမှုတို့ကို ငါတတ်စွမ်းနိုင်၏" ဟု ပြောဆိုထားသည် - ဖိ၊၄း၁၃။

3. ဘုရားသခင်၏ တန်ခိုးတော်တည်းဟူသော ခရစ်တော်သည် ကိုယ်တော်၏ ဘုရားဆိုင်ရာ ဝေငှဖြန်းဖြူးခြင်းမှတစ်ဆင့် ကျွန်ုပ်တို့ကို မစကာ ထောက်မအားဖြည့်ပေးနေသည်။

F. ဘုရားသခင်၏ပညာတော်အဖြစ် ခရစ်တော်သည် ကျွန်ုပ်တို့၏တွေ့ကြုံခံစားခြင်း၌ ကျွန်ုပ်တို့၏မျက်မှောက် ဖြစ်သော၊ လက်တွေ့ကျသော ပညာတော်အဖြစ် ကျွန်ုပ်တို့ထံ ဘုရားသခင်ထံမှ မရပ်မနား စီးဆင်းသည် - ၁ကော၊၁း၂၄။

## III. "ထိုဘုရားသခင်အားဖြင့် သင်တို့သည် ယေရှုခရစ်၌ တည်နေကြ၏။ ထိုသခင်မူကား၊ ဘုရားသခင် စီရင်တော်မူသည့်အတိုင်း၊ ငါတို့၌ ပညာမှစ၍ ဖြောင့်မတ်ခြင်း၊ သန့်ရှင်းစင်ကြယ်ခြင်း၊ ရွေးနုတ်ခြင်းဖြစ်တော်မူ၏" - အငယ်၊၃၀။

A. ဤကျမ်းပိုဒ်၌ ပေါလုက ခရစ်တော်သည် ကျွန်ုပ်တို့၏ပညာတော်ဖြစ်လာသည်ဟု မပြောဆိုထားဘဲ၊ ထိုအစား သူက ခရစ်တော်သည် "ဘုရားသခင်ထံမှ ကျွန်ုပ်တို့ထံသို့" ပညာတော်ဖြစ်လာကြောင်း ပြောဆိုထားသည်။

1. *ဘုရားသခင်ထံမှကျွန်ုပ်တို့ထံသို့* ဟူသော စကားရပ်သည် ပို့လွှတ်ဖြန့်ဖြူးခြင်းနည်းလမ်း၌ ဖြစ်နေသော၊ လက်တွေ့ကျသော၊ အတွေ့အကြုံနှင့်ဆိုင်သော၊ ဆက်လက်ဖြစ်နေသော တစ်စုံတစ်ရာကို ရည်ညွှန်းသည်။

2. ခရစ်တော်သည် ဘုရားသခင်ထံမှ ကျွန်ုပ်တို့ထံသို့ ပညာဖြစ်လာခြင်းမှာ ဘုရားသခင်ထံမှ ကျွန်ုပ်တို့ထံသို့ ကျွန်ုပ်တို့၏ နေ့စဉ် တွေ့ကြုံခံစားမှုအတွက် ပို့လွှတ်ဖြန့်ဖြူးခြင်းတစ်ခု ရှိနေကြောင်း ညွှန်ပြသည်။

3. ကျွန်ုပ်တို့သည် ခရစ်တော်ကို ဘုရားသခင်ထံမှ ကျွန်ုပ်တို့ထံ ပညာတော်အဖြစ် စဉ်ဆက်မပြတ် လိုအပ်သည်။

B. ခရစ်တော်သည် ဘုရားသခင်၏ကယ်တင်ခြင်း၌ အရေးကြီးသော အရာသုံးခုအဖြစ် ဘုရားသခင်ထံမှ ကျွန်ုပ်တို့ထံသို့ ပညာတော် ဖြစ်လာခဲ့သည်။

1. ကိုယ်တော်သည် (ကျွန်ုပ်တို့၏အတိတ်ကာလအတွက်) ကျွန်ုပ်တို့၏ဖြောင့်မတ်ခြင်း ဖြစ်တော်မူသည်၊ ထိုအရာအားဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်အားဖြင့် ဖြောင့်မတ်ခြင်းရှိကြ၏။ သို့မှသာ ကျွန်ုပ်တို့သည် ဘုရားအသက်ကို လက်ခံရရှိရန် ကျွန်ုပ်တို့၏ဝိညာဉ်၌ ပြန်လည်မွေးဖွားရမည်ဖြစ်သည် - ရော၊၅း၁၈။

2. ကိုယ်တော်သည် (ကျွန်ုပ်တို့၏မျက်မှောက်ကာလအတွက်) ကျွန်ုပ်တို့၏သန့်ရှင်းစင်ကြယ်ခြင်းဖြစ်သည်၊ ထိုအရာအားဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏စိတ်၌ သန့်ရှင်းစင်ကြယ်ခြင်းခံရသည်၊ ယင်းမှာ ကျွန်ုပ်တို့၏ အသိဉာဏ်၊ ခံစားမှုနှင့် အလိုဆန္ဒသည် ကိုယ်တော်၏ဘုရားအသက်ဖြင့် ပုံသဏ္ဌာန်ပြောင်းလဲခြင်းခံရသည် - ၆း၁၉၊ ၂၂။

3. ကိုယ်တော်သည် (ကျွန်ုပ်တို့၏ အနာဂတ်ကာလအတွက်) ကျွန်ုပ်တို့၏ရွေးနုတ်ခြင်းဖြစ်သည်၊ ယင်းမှာ ကျွန်ုပ်တို့ ခန္ဓာကိုယ်ရွေးနုတ်ခြင်းဖြစ်သည် (၈း၂၃)၊ ထိုအရာအားဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်၏ ဘုန်းတော်နှင့် ပြည့်စုံသော ပုံသဏ္ဌာန်တော်ရှိရန် ကိုယ်တော်၏ဘုရားအသက်ဖြင့် ကျွန်ုပ်တို့၏ခန္ဓာ၌ အဆင်းသဏ္ဌာန် ပြောင်းလဲလိမ့်မည်ဖြစ်သည် (ဖိ၊၃း၂၁)။

4. ဘုရားသခင်အားဖြင့် ကျွန်ုပ်တို့သည် ထိုသို့ပြီးမြောက်ပြည့်စုံသော ကယ်တင်ခြင်း၌ ကျွန်ုပ်တို့ ပါဝင်ဆက်ဆံနိုင်ခြင်းဖြစ်သည်၊ ယင်းသည် ကျွန်ုပ်တို့ဖြစ်ခြင်းတစ်ခုလုံး-ဝိညာဉ်၊ စိတ်နှင့် ခန္ဓာ- ကို ခရစ်တော်နှင့်အတူ ရှင်သန်သော တစ်လုံးတစ်ဝဖြစ်စေပြီး၊ ခရစ်တော်ကို ကျွန်ုပ်တို့အဖို့ အရာခပ်သိမ်း ဖြစ်စေသည်။

5. ဤသည်မှာ ဘုရားသခင်ကြောင့် လုံးလုံးဖြစ်ပြီး၊ ကျွန်ုပ်တို့ကိုယ်တိုင်ကြောင့် မဟုတ်ပါ၊ သို့မှသာ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကိုယ်တိုင်၌မဟုတ်ဘဲ၊ ကိုယ်တော်၌ ဝါကြွား၍ ဘုန်းအသရေရှိစေနိုင်မည်ဖြစ်သည် - ၁ကော၊၁း ၂၀-၂၁။

*© 2024 Living Stream Ministry*